# ကမ္ဘာ့စီးပွားရေး အခြေအနေအပေါ် စီးပွားရေး ပညာရှင်များ၏ သုံးသပ်ချက်များ

သတင်းရင်းမြစ် > မြတ်စိုး
အင်္ဂါနေ့၊ ဧပြီလ ၂၈ ရက် ၂၀၀၉ ခုနှစ် ၁၂ နာရီ ၃၉ မိနစ်




အမေရိကန်နိုင်ငံမှာ ၁၆ လ ကြာ စီးပွားရေး ဆုတ်ယုတ်မှု (Economic Recession) နှင့် ရင်ဆိုင်နေရပြီးနောက် အမေရိကန် စီးပွားရေးကျွမ်းကျင်သူ ပညာရှင်များက သူတို့ရဲ့ သုံးသပ်မှုတွေကို ထုတ်ဖော်ပြောဆိုနေကြပါတယ်။ သူတို့ရဲ့ သုံးသပ်ခန့်မှန်း ပြောဆိုချက်များအရ ကမ္ဘာ့စီးပွားရေး အခြေအနေဟာ L အညွှန်းပြပုံစံသို့ ရောက်ရှိနေပြီး ပြန်လည်နာလန်ထလာဖို့ လပေါင်းများစွာ ကြာနေလိမ့်ဦးမယ်လို့ ဆိုပါတယ်။ စီးပွားရေး တိုးတက်မှုတွေဟာ နိုင်ငံတိုင်းမှာ အနိမ့်ဆုံးအဆင့်တွေမှာ ပဲရှိနေဦးမယ်လို့ PBS ရုပ်မြင်သံကြား Nightly Business News နဲ့ တွေ့ဆုံမေးမြန်းခန်းမှာ သူတို့ရဲ့ ထင်မြင်ယူဆချက်တွေကို ထုတ်ဖော်ဆွေးနွေးသွားခဲ့ပါတယ်။

အမေရိကန် စီးပွားရေး ပညာရှင်တဦးလည်းဖြစ်၊ နယူးယောက်တိုင်းမ်စ်မှာ စီးပွားရေး ပင်တိုင်ဆောင်းပါးရှင် တဦးလည်းဖြစ်၊ မကြာခင်ကမှ စီးပွားရေးနိုဘယ်ဆုရရှိခဲ့သူ ပေါလ်ခရူမန် (Paul Krugman) ကလည်း သူရဲ့ သုံးသပ်ချက်တွေကို ၂၀၀၉ ခုနှစ် ဧပြီလ ၂၄ ရက်နေ့က အမေရိကန်နိုင်ငံ စင်စနားတီ တက္ကသိုလ် (University of Cincinnati) မှာ ကျင်းပတဲ့ စီးပွားရေးစီမီနာ (Economic Seminar) တခုမှာ အခုလို တင်ပြဆွေးနွေးခဲ့တယ်။ ဆွေးနွေးမှုထဲမှာ ကမ္ဘာ့စီးပွားရေး ပညာရှင်တွေနဲ့ စီးပွားရေး ခေါင်းဆောင်တွေလည်း ပါဝင်ဆွေးနွေးခဲ့ကြတယ်။ ပေါလ်ခရူမန် (Paul Krugman) ရဲ့ သုံးသပ်ချက်တွေထဲမှာ စီးပွားရေး တိုးတက်မှု ဖြစ်စေနိုင်တဲ့ အညွှန်းပြ ကိန်းဂဏန်းတွေ၊ စောင့်ကြည့်နေကြတဲ့ စီးပွားရေး ပတ်ဝန်းကျင် အခြေအနေတွေကို ထောက်ပြ ဆွေးနွေးသွားခဲ့ကြတယ်။

ဥပမာ- အိမ်ယာဈေးကွက် အခြေအနေ (Housing Market)၊ ဘဏ္ဍာရေးနဲ့ ငွေကြေးဆိုင်ရာ လုပ်ငန်းတွေ (Financial and Banking sectors)၊ ငွေချေးငှားမှုဆိုင်ရာတွေ (Credit Availability and Prudent Lending)၊ ပို့ကုန် သွင်းကုန်ဆိုင်ရာ လုပ်ငန်းတွေ (Exports and Imports)၊ ငွေကြေးသုံးစွဲမှု (Consumer Spending)၊ အလုပ်လက်မဲ့ အခြေအနေတွေ (Unemployment Rate)၊ ရင်နှီးမြှုပ်နှံဆိုင်ရာအတွက် ယုံကြည်မှုတွေ (Investor Confidence)၊ စက်မှုလုပ်ငန်းနဲ့ဆိုင်တဲ့ ကုန်ထုတ်လုပ်မှု (Industrial Production)၊ ကုန်ပစ္စည်းရောင်းဝယ်မှု (Sales) တွေဟာ တိုးတက်လာတဲ့ အခြေအနေတွေ ဘာမှ မတွေ့ရှိရသေးဘူးလို့ ထောက်ပြခဲ့ကြတယ်။ ဒီအခြေအနေတွေကို နိုင်ငံ တော်တော်များများဟာ ရင်ဆိုင်နေကြရတယ်လို့ ဆိုတယ်။ ဒီစီးပွားရေးပတ်ဝန်းကျင် အခြေအနေတွေ တိုးတက်လာမှု မရှိဘဲ၊ ကမ္ဘာ့စီးပွားရေးဟာ ပြန်လည်နာလန်ထူလာဦးမှာ မဟုတ်ဘူးလို့ ထောက်ပြဆွေးနွေးသွားခဲ့ကြတယ်။

မော်တော်ကားကုမ္ပဏီကြီးတွေဟာလည်း အလုပ်အကိုင် လျှော့ချမှုတွေ၊ ထုတ်လုပ်မှု

## Latest IMF projections

(year over year percent change)

| | | | Projections | | Difference from January 2009 WEO projections | |
|---|---|---|---|---|---|---|
| | **2007** | **2008** | **2009** | **2010** | **2009** | **2010** |
| **World output**[1] | **5.2** | **3.2** | **-1.3** | **1.9** | **-1.8** | **-1.1** |
| Advanced economies | 2.7 | 0.9 | -3.8 | 0.0 | -1.8 | -1.1 |
| United States | 2.0 | 1.1 | -2.8 | 0.0 | -1.2 | -1.6 |
| Euro area | 2.7 | 0.9 | -4.2 | -0.4 | -2.2 | -0.6 |
| Germany | 2.5 | 1.3 | -5.6 | -1.0 | -3.1 | -1.1 |
| France | 2.1 | 0.7 | -3.0 | 0.4 | -1.1 | -0.3 |
| Italy | 1.6 | -1.0 | -4.4 | -0.4 | -2.3 | -0.3 |
| Spain | 3.7 | 1.2 | -3.0 | -0.7 | -1.3 | -0.6 |
| Japan | 2.4 | -0.6 | -6.2 | 0.5 | -3.6 | -0.1 |
| United Kingdom | 3.0 | 0.7 | -4.1 | -0.4 | -1.3 | -0.6 |
| Canada | 2.7 | 0.5 | -2.5 | 1.2 | -1.3 | -0.4 |
| Other advanced economies | 4.7 | 1.6 | -4.1 | 0.6 | -1.7 | -1.6 |
| Newly industrialized Asian economies | 5.7 | 1.5 | -5.6 | 0.8 | -1.7 | -2.3 |
| Emerging market and developing economies[2] | 8.3 | 6.1 | 1.6 | 4.0 | -1.7 | -1.0 |
| Africa | 6.2 | 5.2 | 2.0 | 3.9 | -1.4 | -1.0 |
| Sub-Saharan Africa | 6.9 | 5.5 | 1.7 | 3.8 | -1.8 | -1.2 |
| Central and eastern Europe | 5.4 | 2.9 | -3.7 | 0.8 | -3.3 | -1.7 |
| Commonwealth of Independent States | 8.6 | 5.5 | -5.1 | 1.2 | -4.7 | -1.0 |
| Russia | 8.1 | 5.6 | -6.0 | 0.5 | -5.3 | -0.8 |
| Excluding Russia | 9.9 | 5.3 | -2.9 | 3.1 | -3.2 | -1.3 |
| Developing Asia | 10.6 | 7.7 | 4.8 | 6.1 | -0.7 | -0.8 |
| China | 13.0 | 9.0 | 6.5 | 7.5 | -0.2 | -0.5 |
| India | 9.3 | 7.3 | 4.5 | 5.6 | -0.6 | -0.9 |
| ASEAN-5 | 6.3 | 4.9 | 0.0 | 2.3 | -2.7 | -1.8 |
| Middle East | 6.3 | 5.9 | 2.5 | 3.5 | -1.4 | -1.2 |
| Western Hemisphere | 5.7 | 4.2 | -1.5 | 1.6 | -2.6 | -1.4 |
| Brazil | 5.7 | 5.1 | -1.3 | 2.2 | -3.1 | -1.3 |
| Mexico | 3.3 | 1.3 | -3.7 | 1.0 | -3.4 | -1.1 |

Source: IMF, *World Economic Outlook*, April 2009.
[1]The quarterly estimates and projections account for 90 percent of the world purchasing-power-parity weights.
[2]The quarterly estimates and projections account for approximately 76 percent of the emerging and developing economies.

# ကမ္ဘာ့စီးပွားရေး အခြေအနေအပေါ် စီးပွားရေး ပညာရှင်များ၏ သုံးသပ်ချက်များ

သတင်းရင်းမြစ် > မြတ်စိုး
အင်္ဂါနေ့၊ ဧပြီလ ၂၈ ရက် ၂၀၀၉ ခုနှစ် ၁၂ နာရီ ၃၉ မိနစ်

---

[illegible]